ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေး

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်ကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)

## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ငထွေစုတ်အုပ်စု၊ ဆေးပုလဲကျေးရွာ


မေလ၊ ၂၀၁၆ ခုနှစ်

## မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | မြို့နယ်မြေပုံ |
| ၂။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း |
| ၃။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း(PSA /PRA) အကျဉ်းချုပ်ဇယား |
| ၄။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ |
| ၅။ | ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ |
| ၆။ | ကော်မတီဝင်များစာရင်း |
| ၇။ | ကျေးရွာအချက်အလက် (ပုံစံ - ၁) |
| ၈။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂) |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃) |
| ၁၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄) |
| ၁၁။ | အစည်းအဝေးမှတ်တမ်းများ |
| ၁၂။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ် တမ်းဓာတ်ပုံများ |

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



# ငထွေစုတ်ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၁။ မျက်ရဲ(ကရင်)ကျေးရွာ

၂။ မျက်ရဲ(မြန်မာ)ကျေးရွာ

၃။ ငထွေစုတ်ကျေးရွာ

၄။ ဆေးပုလဲကျေးရွာ

၅။ မိဿလင်ကျေးရွာ

စုစုပေါင်းကျေးရွာအရေအတွက် ( ၅ ) ရွာဖြစ်ပါသည်။


# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေး အရင်းအမြစ်ပြမြေပုံ | ၂၀.၂.၂၀၁၇ | ရွာသူရွာသားများ | ၄၉ | ၅၄ | ၁၀၃ | အိမ်အမျိုးအစား၊အခြေခံအ ဆောက်အဦးများ၊လမ်းပန်း ဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊ရေတွင်းရေကန် ၊သစ်တောများကိုမှတ်သားပြီး အသုံးပြုနိုင်မှုပြဿနာအခက် အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၀.၂.၂၀၁၇ | ရွာသူရွာသားများ | ၂၅ | ၂၇ | ၅၂ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ လယ်ယာလုပ်ငန်းများ၊နေ့စား ကျပန်းလုပ်ငန်းများ၊ပွဲတော် များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း | ၂၀.၂.၂၀၁၇ | ရွာသူရွာသားများ | ၂၄ | ၂၇ | ၅၁ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြား သတ်မှတ်နိုင်ရေးအတွက်အ ခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားများနှင့်အများသ ဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀.၂.၂၀၁၇ | ရွာသူရွာသားများ | ၂၅ | ၂၇ | ၅၂ | အရင်းအမြစ်များစာရင်းပြုစု ခြင်းအရင်းအမြစ်များကိုကျား/ မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံး ပြုနိုင်မှုကိုဆန်းစစ်လေ့လာ ခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၂၀.၂.၂၀၁၇ | ရွာသူရွာသားများ | ၂၄ | ၂၇ | ၅၁ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၀.၂.၂၀၁၇ | ရွာသူရွာသားများ | ၂၅ | ၂၇ | ၅၂ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ပြဿနာသစ်ပင် (ကျား) | ၂၀.၂.၂၀၁၇ | ရွာသူရွာသားများ | ၂၄ | | ၂၄ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်း၊အကျိုး၊အကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၈ | ပြဿနာသစ်ပင် (မ) | ၂၀.၂.၂၀၁၇ | ရွာသူရွာသားများ | | ၅၄ | ၅၄ | အခက်အခဲတစ်ခုအပေါ်အကြောင်းအရင်း၊အကျိုး၊အကျိုးဆက်နှင့်တကွဆက်စပ်လေ့လာပြီးလိုအပ်ချက်ကိုဆန်းစစ်အတည်ပြုခြင်း |
| ၁၀ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၂၀.၂.၂၀၁၇ | ရွာသူရွာသားများ | ၄၉ | ၅၄ | ၁၀၃ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ်မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# အရင်းအမြစ်ပြမြေပုံ

ကျေးရွာ - ဆေးပုလဲ　　　အုပ်စု - ငထွေစုတ်　　　နေ့စွဲ - ၂၀.၂.၂၀၁၇




ပုံပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ်　　　ပါဝင်သူ - ကျား (၅၉) + မ (၅၄)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စု၊ ဆေးပုလဲကျေးရွာ၏ အရင်း

အမြစ်ပြမြေပုံ သုံးသပ်ချက်များ

လွန်ခဲ့သောနှစ်ပေါင်း(၂၀၀)ခန့်လောက်ကတည်ရှိခဲ့သည်ဟုရွာမှအဘိုးအိုတစ်ဦးမှပြော ပါသည်။ပထမကမ္ဘာစစ်အပြီးငထွေစုတ်ကျေးရွာကိုရွာတည်ပြီးနောက်တွင်ယခုဆေးပုလဲကျေးရွာ နေရာတွင်ကိုင်းလုပ်ငန်းလုပ်ကိုင်သူအချို့သည်မိမိတို့၏ကိုင်းကွက်ထဲတွင်တဲအိမ်လေးများဆောက် ၍နေထိုင်ကြပြီးအိမ်ခြေလေး၊ငါးလုံးရှိသည်။ဂျပန်ခေတ်တွင်ဂျပန်တပ်များသည်ထိုနေရာတွင်တပ်စွဲ ၍လာရောက်နေထိုင်ကြသည်။မြန်မာတော်လှန်ရေးတပ်မတော်မှသိသွားပြီးဂျပန်တပ်နှင့် တိုက်ပွဲ များဖြစ်ခဲ့သည်။ထိုတိုက်ပွဲသည်နာမည်ကျော်ကြားသောသဖန်းသောင်တိုက်ပွဲဟုရှိခဲ့သည်။ (၅၃)ခုနှစ်ခန့်တွင်နေအိမ်အားလုံးမီးရှို့ဖျက်ဆီးခံခဲ့ရသည်။မီးရှို့ပြီးနောက်ပိုင်းတွင်အိမ်များပြန်လည် ဆောက်လုပ်နေထိုင်ခါစတုဘုန်မိကဘုန်းကြီးကျောင်းကိုဆောက်လုပ်လှူဒါန်းပြီးအိမ်ခြေ(၁၀) လောက်ဖြင့်နေထိုင်ခါလယ်ယာ၊ကိုင်းလုပ်ငန်းကိုလုပ်ကိုင်ခဲ့ကြသည်။ဆေးပုလဲကျေးရွာသည်စစ် တောင်းမြစ်ကမ်းဘေးတွင်တည်ရှိသဖြင့်စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကလုပ်ငန်းဖြစ်သည်။ သောင်ထွန်းချိန်တွင်ခရမ်း၊စလပ်၊မုံညင်း၊ဂေါ်ဖီ၊ပန်းထုပ်၊ကြက်သွန်၊သခွားမွှေး၊တို့ကို စိုက်ပျိုး၍ စီးပွားရေးကိုရှာဖွေကြသည်။သဖန်းသောင်တိုက်ပွဲဖြစ်သည်နေရာကို အစွဲပြု၍ သဖန်းသောင်ရွာ ဟုခေါ်တွင်ခဲ့ကြပြီးနောက်ပိုင်းတွင်ဆေးပုလဲရွာဟုအမည်တွင်ခဲ့သည်။ဆေးပုလဲကျေးရွာ တွင် ဘုန်းတော်ကြီးနှစ်ကျောင်းရှိပြီးရွာအဝင်ဘုန်းတော်ကြီးကျောင်းမှာ စတုဘုန်မိကကျောင်းဖြစ် ပြီးကျေးရွာတောင်ဘက်ကျောင်းမှာဆေးပုလဲကျောင်းဖြစ်ပါသည်။ဆေးပုလဲကျေးရွာ၏ အသက် မွေးဝမ်းကျောင်းလုပ်ငန်းမှာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းကိုလုပ်ကိုင်ကြ ပြီး၊လူနည်းစုမှာလက်လုပ်လက်စားကျဘန်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ဆေးပုလဲကျေးရွာတွင် အမျိုးသားဦးဆောင်အိမ်(၆၆)အိမ်ရှိပြီး၊အမျိုးသမီးဦးဆောင်အိမ်(၂၆)အိမ်ရှိပါသည်။ ဆေးပုလဲ ကျေး ကျေးရွာ၏၊အိမ်ခြေစုစုပေါင်းမှာ(၉၂)ရှိပြီး၊အိမ်ထောင်စုအရေအတွက်မှာ(၉၂)ဖြစ်ပါသည်။ ကျေး ကျေးရွာရှိအမျိုးသားဦးရေမှာ( ၂၇၈)ဦးဖြစ်ပြီးအမျိုးသမီးဦးရေမှာ( ၂၈၂ )ဦးရေရှိပါသည်။

လမ်းပမ်းဆက်သွယ်ရေး

ဆေးပုလဲကျေးရွာသည်ကျောက်ကြီးမှ(၆)မိုင်ခန့်ကွာဝေးပါသည်။ လမ်းမှာမြေသားလမ်းဖြစ်၍ သွားရေးလာရေးခက်ခဲပါသည်။မိုးတွင်း အခါတွင်မြေသားလမ်းသည် ရွှံ့ဗွက်များ ထူထပ်နေသဖြင့် သွားလာရေးမှာအလွန်ခက်ခဲလှပါသည်။ဆေးပုလဲကျေးရွာတွင်မူလတန်းကျောင်းရှိပြီး ကျောင်းအုပ် ဆရာကြီးအပါအဝင်ဆရာ၊ဆရာမ(၆)ဦးရှိပြီး၊ကျောင်းသား၊ကျောင်းသူဦးရေမှာ (၁၁၅)ဦးရှိပါသည်။ မူလွန်ကျောင်းဆိုသော်လည်း(၇)တန်းထိသာရှိသောကြောင့် အလယ်တန်းအဆင့်နှင့်အထက်တန်း

အဆင့်များကိုအ.ထ.ကကျောက်ကြီးသို့လည်းကောင်း ငထွေစုပ်ကျေးရွာသို့လည်းကောင်း သွားရောက်ပညာသင်ကြားရပါသည်။

## ကျမ်းမာရေး

ဆေးပုလဲကျေးရွာတွင် ကျမ်းမာရေးဆေးပေးခန်း မရှိသဖြင့် တော်ရှုံဖျား၊နာများကို နီးစပ်ရာဆေးများဖြင့် ကုသကြသည်။ ကျမ်းမာရေးအတွက် အလွန်အခက်အခဲရှိလာမှသာ ကျောက်ကြီးမြို့သို့ သွားရောက် ဆေးကုသမှုခံယူကြရပါသည်။ ထိုကြောင့် ကျမ်းမာရေး ပြဿ ပြဿနာအခက်အခဲ ရှိပါသည်။

## ပြဿနာ အခက်အခဲ အနှစ်ချုပ်

ဆေးပုလဲကျေးရွာ၏လမ်းပန်းဆက်သွယ်ရေးမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် သွားရေး၊လာရေး အခက်အခဲ ရှိပါသည်။ ပညာရေး၊ကျမ်းမာရေး၊စီးပွားရေး ကိစ္စအဝဝအတွက် သွားလာရေး အခက်အခဲရှိပါသည်။ ဆေးပုလဲကျေးရွာတွင် ရေတံ ရေတွံကင်များရှိသော်လည်း သောက်သုံးရန် သင့်/မသင့် မသိသော်လည်း ရေအခ က်အခဲမရှိပါ။ ထို့ကြောင့် ဆေးပုလဲကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးကြောင့် ကျန်းမာရေးအခက်အခဲများလဲရှိပါသည်။

ပါဝင်ဆွေးနွေးသူဦးရေ-(၁၀၃)ဦး

# ရာသီခွင်ပြပြက္ခဒိန်

ကျေးရွာ - ဆေးပုလဲ　　　အုပ်စု - ငထွေစုတ်　　　နေ့စွဲ - ၂၀.၂.၂၀၁၇

| လုပ်ငန်းများ | တန်ရူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ကိုင်းလုပ်ငန်း | | | | | | | | ★★★ | ★★★ | ★★★ | ★★ | ★★ |
| ငါးလုပ်ငန်း | | | | ▲▲▲ | ▲▲▲ | ▲▲▲ | ▲▲▲ | ▲▲ | | | | |
| လက်သမား | ♥♥ | | | | | | | | | | ♥♥ | ♥♥ |
| ကျန်းမာရေး | | | ✚✚✚ | ✚✚✚ | | | ✚✚ | ✚✚ | | | | |
| ဝင်ငွေကောင်းချိန် | | | | | | | | | ↷↷ | ↷↷↷ | ↷↷↷ | ↷↷↷ |
| ပွဲတော်ချိန် | ☺☺☺ | | | | | ☺☺☺ | | ☺☺☺ | | | | |
| လယ်လုပ်ငန်း | | | ✹✹ | ✹✹ | ✹✹✹ | ✹✹ | | ✹✹✹ | | | | |
| ဝင်ငွေနည်းချိန် | ☾☾ | ☾☾☾ | ☾☾☾ | | | | ☾☾☾ | | ☾☾ | | | |

ပံ့ပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ်　　　ပါဝင်သူ - ကျား (၂၅) + မ (၂၇)

အညွှန်း - ၃ခု= များ　　　၂ခု= အလယ်အလတ်

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စု၊ ဆေးပုလဲကျေးရွာ၏ ရာသီခွင်ပြက္ခဒိန် သုံးသပ်ချက်များ**

ရက်စွဲ၊ ၂၀-၂-၂၀၁၇။

ကျေးရွာ -ဆေးပုလဲ

နေရာ၊ ဘုန်းတော်ကြီးကျောင်း

ဆေးပုလဲကျေးရွာ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများစိုက်ပျိုးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် စပါးအသီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ ဆောင်းရာသီတွင် မြေပဲ၊ မတ်ပဲစသည့်ပဲများကို အဓိကထားစိုက် ပျိုးကြပါသည်။ ကျွဲ၊ နွား၊ ဘဲ၊ ကြက်စသည်တို့ကိုလည်း တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ လက်လုပ်လက်စားများသည်မိုးရာသီတွင်ငါးရှာခြင်း၊ဖားရိုက်ခြင်းစသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ ဆေးပုလဲကျေးရွာသည် ဝါခေါင်လ နှင့်တော်သလင်းလများတွင် ရေကြီးပါသည်။ နွေရာသီတွင် သီးနှံများရောင်းချချိန်ဖြစ်သောကြောင့် ဝင်ငွေအသင့်သင့်ရှိပြီး မိုးရာသီနှင့်ဆောင်းရာသီတွင် စိုက်ပျိုးရိတ်သိမ်း ကုန်ကျစရိတ်များရှိသဖြင့် ထွက်ငွေအသင့်သင့်ရှိပါသည်။ ဆေးပုလဲကျေးရွာ၏ ပွဲတော်ကာလအနေဖြင့် တန်ခူး၊ တော်သလင်း၊ တန်ဆောင်မုန်းလများတွင် ပွဲတော်များဆင်နွှဲကြပါသည်။ဆေးပုလဲကျေးရွာ၏အဆင်မပြေသောမိသားစုများမှအမျိုးသမီး များသည် မွေးမြူရေးလုပ်ငန်းကိုတစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပါသည်။အမျိုးသားအချို့သည်ဆောက်လုပ်ရေးလုပ်ငန်းအဖြစ်နွေရာသီတွင် လူ နေအိမ် ဆောက် လုပ်သည့် လုပ်ငန်းများကိုလဲ လုပ်ကိုင်ကြသည်။

ပါဝင်ဆွေးနွေးသူ၊ (၅၂)ဦး

# မနေအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ဆေးပုလဲ အုပ်စု - ငထွေစုတ် နေ့စွဲ - ၂၀.၂.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | နွား(၂)ချဉ်း၊တိုက်၊သွပ်မိုး၊ဆိုလာကြီး၊ကား၊TV၊စလောင်း လယ်(၁၀)ကေ၊ရေစုပ်စက်၊စက်လှေ၊ဂွန်ဒေါင်း ၊ဆိုင်ကယ် | ၁၅ | ၁၆% |
| အလယ်အလတ် | နွား(၁)ချဉ်း၊အုပ်ဖိနပ်ခံ၊သွပ်မိုး၊ပျဉ်ကာ၊ဆိုင်ကယ်၊ လယ်(၂)ကေ၊ဆိုင်ကယ်၊လက်တော့၊TV၊စက်ဘီး | ၄၀ | ၄၄% |
| နွမ်းပါး | သက်ကယ်မိုး၊ပကာအိမ်၊ထရံကာ၊စက်ဘီး | ၃၇ | ၄၀% |
| အနွမ်းပါးဆုံး | | | |
| စုစုပေါင်း | | ၉၂ | ၁၀၀% |

ပံ့ပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ် ပါဝင်သူ - ကျား (၂၄) + မ (၂၇)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စု၊ ဆေးပုလဲကျေးရွာ၏ ဥစ္စာခနဲခွဲခြားမှု သုံးသပ်ချက်များ

ရက်စွဲ၊ ၂၀-၂-၂၀၁၇။

ကျေးရွာ -ဆေးပုလဲ

နေရာ၊ ဘုန်းတော်ကြီးကျောင်း

ဆေးပုလဲ အဓိကစီးပွားရေးအရင်းအမြစ်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် ပျိုးကျဲခြင်းလုပ်ငန်း၊ ကောက်စိုက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ဆောင်းရာသီတွင် ပဲမျိုးစုံစိုက်ပျိုးကြပါသည်။ ဆေးပုလဲကျေးရွာ၏ အဆင်ပြေသောမိသားစုများ၏နေအိမ်များမှာ တိုက်၊ သွပ်မိုးအိမ်များဖြင့်နေထိုင်ကြပါသည်။ အလယ်လတ်မိသားစုများမှာ အုတ်ဖိနပ်ခံ၊ ကြမ်းခင်း၊ သွပ်မိုးအိမ်များဖြစ်ကြပါသည်။ ဝွန်ဒေါင်း၊ကား၊စက်လှေ၊ဆိုင်ကယ်၊ များကို အဆင်ပြေသော မိသားစုများအသုံးပြုကြပြီး ကျွဲ၊ နွားစသည်များကို အဆင်ပြေသောမိသားစုနှင့် အလယ်လတ်များ အားလုံး နီးပါးပိုင်ဆိုင်ကြပါသည်။လက်လုပ်လက်စားမိသားစုများမှာရာသီအလိုက်ကျပန်းအလုပ်များလုပ်ကိုင်ကြပါ သည်။အလွန်နွမ်းပါးသောမိသားစုများမှာသက်ကယ်မိုး၊ပကာအိမ်များပြုလုပ်ခါကြံ့ရာကျဘမ်းလုပ်ငန်းများကို သင့်သလိုလုပ်ကိုင် ကြ ပါသည်။

## ပြဿနာ အနှစ်ချုပ်

ဆေးပုလဲကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်စားသောက်ကြပြီးလက်လုပ် လက်စား မိသားစုများမှာ အလုပ်အကိုင်ရှားပါးကြပါသည်။

ပါဝင်ဆွေးနွေးသူ၊ (၅၁)ဦး

# အရင်းအမြစ်ပိုင်ဆိုင်အသုံးပြုမှု

ကျေးရွာ - ဆေးပုလဲ   အုပ်စု - ငထွေစုတ်   နေ့စွဲ - ၂၀.၂.၂၀၁၇

| ကျား | မ | ကျား+မ |
|---|---|---|
| လှည်း | အပ်ချုပ်စက် | လယ် |
| ထွန်စက် | ဝက် | ဘက်ထရီ |
| မီးစက် | | အိမ် |
| | | ဆိုလာပြား |
| | | စက်ဘီး |
| | | ဆိုင်ကယ် |
| | | TV |
| | | နွား |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

ပံ့ပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖော်   ပါဝင်သူ - ကျား (၂၅) + မ (၂၇)

## ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဝေထွေစုတ်ကျေးရွာအုပ်စု၊ ဆေးပုလဲကျေးရွာ၏ အရင်းပိုင်ဆိုင်အသုံးပြုမှု သုံးသပ်ချက်များ

ရက်စွဲ၊ ၂၀-၂-၂၀၁၇။

ကျေးရွာ -ဆေးပုလဲ

နေရာ၊ဘုန်းတော်ကြီးကျောင်း

ဆေးပုလဲကျေးရွာ၏ အရင်းအမြစ် အသုံးပြုမှု ခွဲခြမ်းစိတ်ဖြာခြင်းတွင် အမျိုးသား၊အမျိုးသမီးများ အသုံးပြုသောအရင်းအမြစ်များမှာဆိုလာ၊ထွန်စက်၊မီးစက်၊လယ်၊ဝက်၊နွား၊လှည်း၊TV၊လှည်း၊အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ အပ်ချုပ်စက်၊ ဘက်ထရီတို့ဖြစ်ပါသည်။ အမျိုးသားများ အများဆုံးအသုံးပြုသော အရင်းအမြစ်များမှာ လှည်း၊ ထွန်စက်၊မီးစက် အသုံးပြုကြပါသည်။ ကျန်အရင်းအမြစ်များကိုမူ အတူတကွရယူသုံးစွဲကြပါသည်။အမျိုးသမီးများသည်ဝက်၊ အပ်ချုပ်စက်၊ စသည်တို့ကိုအသုံးပြုကြပါသည်။

**ပြဿနာအနှစ်ချုပ်။** ။ အမျိုးသမီးများသည် အရင်းမြစ်အသုံးချမှုတွင် အနည်းငယ်သာရှိသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အရင်းအမြစ်များအပေါ်အသုံးချမှုနည်းနေခြင်းမှာ အိမ်မှုကိစ္စများတွင် အချိန်ကုန်နေခြင်း၊ အမျိုးသမီးများအသုံးပြုနိုင်သော အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ (၅၂)ဦး။

# ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း

ကျေးရွာ -ဆေးပုလဲ          အုပ်စု - ငထွေစုတ်          နေ့စွဲ - ၂၀.၂.၂၀၁၆

| ကျား | မ | ကျား+မ |
|---|---|---|
| လှည်း | အပ်ချုပ်စက် | လယ် |
| ထွန်စက် | ဝက် | လှေ |
| မီးစက် | | ဘက်ထရီ |
| နွား | | ဆိုလာ |
| | | စက်ဘီး |
| | | ဆိုင်ကယ် |
| | | TV |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

ပွဲပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ်          ပါဝင်သူ - ကျား (၂၅) + မ (၂၇)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စု၊ ဆေးပုလဲကျေးရွာ၏

ပိုင်ဆိုင်မှုထိန်းချုပ်ခြင်း သုံးသပ်ချက်များ

ရက်စွဲ၊ ၂၀-၂-၂၀၁၇။

ကျေးရွာ -ဆေးပုလဲ

နေရာ၊ ဘုန်းတော်ကြီးကျောင်း

ဆေးပုလဲကျေးရွာ၏ အရင်းအမြစ် ထိန်းချုပ်မှု ခွဲခြမ်းစိတ်ဖြာခြင်းတွင် အမျိုးသား၊အမျိုးသမီးများ ထိန်းချုပ် သော သောအရင်းအမြစ်များမှာလှည်း၊ထွန်စက်၊မီးစက်၊အပ်ချုပ်စက်၊ဝက်၊အိမ်၊နွား၊ဆိုင်ကယ်၊လယ်၊ဘက်ထရီ၊ဆို လာပြား၊စက်ဘီး၊TV၊တို့ ဖြစ်ပါသည်။


အမျိုးသားများ အများဆုံးထိန်းချုပ်သော အရင်းအမြစ်များမှာ လှည်း၊ ထွန်စက်၊ မီးစက်များကို အသုံးပြုကြပါသည်။ ကျန်အရင်းအမြစ်များကိုမှ အတူတကွရယူသုံးစွဲကြပါသည်။ အမျိုးသမီးများသည် ဝက်၊ အပ်ချုပ်စက်၊ တို့ကို ထိန်းချုပ်အသုံးပြုကြပါသည်။

**ပြဿနာအနှစ်ချုပ်။** ။ အမျိုးသမီးများသည် အရင်းမြစ်ထိန်းချုပ်မှုတွင် အနည်းငယ်သာရှိသည်ကို တွေ တွေ့ရပါသည်။ အမျိုးသမီးများသည် အရင်းအမြစ်များအပေါ်ထိန်းချုပ်မှုနည်းနေခြင်းမှာ အိမ်မှုကိစ္စများတွင် အချိန်ကုန်နေခြင်း၊ အမျိုးသမီးများထိန်းချုပ်နိုင်သော အရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ (၅၂)ဦး။

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ -ဆေးပုလဲ　　　အုပ်စု - ထွေစုတ်　　　နေ့စွဲ - ၂၀.၂.၂၀၁၆




ပံ့ပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ်　　　ပါဝင်သူ - ကျား (၂၄) + မ (၂၇)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စု၊ ဆေးပုလဲကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား သုံးသပ်ချက်များ

ရက်စွဲ၊ ၂၀-၂-၂၀၁၇။

ကျေးရွာ -ဆေးပုလဲ

နေရာ၊ ဘုန်းတော်ကြီးကျောင်း

| စဉ် | ကျေးရွာအတွင်းအဖွဲ့အစည်းများ | ပြင်ပအဖွဲ့အစည်းများ |
|---|---|---|
| ၁ | ကျေးရွာဥက္ကဋ္ဌ | အုပ်စု အုပ်ချုပ်ရေး(ဥက္ကဋ္ဌ) |
| ၂ | ဂေါပကအဖွဲ့ | KNU |
| ၃ | အမျိုးသမီးရေးရာ | တပ်မတော် |
| ၄ | အမျိုးသမီးခေါင် | ရဲတပ်ဖွဲ့ |
| ၅ | ကျောင်းကော်မတီ | ကျန်းမာရေးအဖွဲ့ |
| ၆ | နာရေးကူညီမှုအဖွဲ့ | |
| ၇ | ကာလသားခေါင်းဆောင် | |
| ၈ | ကြက်ခြေနီအဖွဲ့ | |


ဆေးပုလဲကျေးရွာအတွင်း အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပ ကအဖွဲ့ အမျိုးသမီးရေးရာ၊ အမျိုးသမီးခေါင် ၊ ကျောင်းကော်မတီ၊ နာရေးကူညီမှုအဖွဲ့၊ ကာလသားခေါင်းဆောင်၊ ကြက်ခြေနီအဖွဲ့ တို့ဖြစ်ပါသည်။ ပြင်ပအဖွဲ့အစည်းများမှာ အုပ်စု အုပ်ချုပ်ရေး(ဥက္ကဋ္ဌ)၊ ကျန်းမာရေးအဖွဲ့၊ ရဲတပ်ဖွဲ့၊ တပ်မတော်၊KNU၊တို့ဖြစ်ပါသည်။

ဆေးပုလဲကျေးရွာ၏အဓိကဖွံ့ဖြိုးရေးကိုလုပ်ဆောင်ပေးသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊တို့ဖြစ်ပါသည်။ကျန်အဖွဲ့အစည်းများမှာလည်းတစ်ဖွဲ့နှင့် တစ်ဖွဲ့ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါဝင်ဆောင် ရွက်ပေးကြပါသည်။

ပါဝင်ဆွေးနွေးသူ(၅၂)ဦး။

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ -ဆေးပုလဲ　　　　အုပ်စု - ငထွေစုတ်　　　　နေ့စွဲ - ၂၀.၂.၂၀၁၆




ပံ့ပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ်　　　　ပါဝင်သူ - ကျား (၂၄) + မ (၂၇)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စု၊ ဆေးပုလဲကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်များ

ရက်စွဲ၊ ၂၀-၂-၂၀၁၇။

ကျေးရွာ -ဆေးပုလဲ

နေရာ၊ ဘုန်းတော်ကြီးကျောင်း

ဆေးပုလဲကျေးရွာရှိ အမျိုးသားနှင့်အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်အခြေအနေများကို ခေါင်းစဉ်တစ်ခုဖြင့် ဆွေးနွေးခဲ့ကြပါသည်။ (၁) ကျန်းမာရေး၊ (၂) ပညာရေး၊ (၃) ဦးဆောင်မှု (၄) အလုပ်အကိုင်ရရှိမှု၊ (၅) အိမ်မှု ကိစ္စ၊ (၆) ဆုံးဖြတ်ချက်၊ (၇) ဝင်ငွေရှိမှု၊ (၈) လူမှုရေး တို့ဖြစ်ပါသည်။

## (၁) ကျန်းမာရေး

ဆေးပုလဲကျေးရွာရှိ အမျိုးသမီးများ ကျန်းမာရေးမှာ (၉၀)ရာခိုင်နှုန်းရှိပြီး၊ အမျိုးသားများ၏ ကျန်းမာရေးမှာ(၉၀)ရာခိုင်နှုန်းဖြစ်ပါသည်။အမျိုးသမီးများသည်အိမ်တွင်းမှာသာနေထိုင်၍အိမ်မှုကိစ္စများလုပ်ကိုင်နေရသဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။

## (၂) ပညာရေး

ဆေးပုလဲကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ ပညာရေးလက်လှမ်းမှီမှု သုံးသပ်ချက်တွင် အမျိုးသား/သမီး တန်းတူ (၇၀)ရာခိုင်နှုန်းရှိပါသည်။ ဆေးပုလဲကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက်(၆)မိုင်ခန့်ဝေးသောကျောက်ကြီး(အ-ထ-က)ကျောင်းသို့ လည်း ကောကောင်း၊ငထွေစုတ်ကျေးရွာ(အ.ထ.က)ကျောင်းသို့လည်းကောင်းသွားရောက်ကြရပါသည်။ကျောင်းသား/သူများသည် မိုးတွင်းအခါတွင် ရွံ့ဗွက်များကိုဖြတ်၍သွားလာရသဖြင့် လမ်း ခရီးခက်ခဲကြမ်းတမ်းလှပါသည်။ ကျောင်းသား/သူများသည် သွားလာရေးခက်ခဲသဖြင့် ပညာသင်ကြားရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် အမျိုးသား/သမီးအားလုံး ပညာသင်ကြားမှုတွင် (၇၀)ရာခိုင်နှုန်းသာရှိကြ ပါသည်။

## (၃) ဦးဆောင်မှု

အမျိုးသားနှင့်အမျိုးသမီးဦးဆောင်မှုတွင်အမျိုးသားများသည်ဦးဆောင်မှုပိုကာ (၆၀)ရာခိုင်နှုန်းရှိပါသည်။ အမျိုးသမီးများသည်ဦးဆောင်မှုတွင်အမျိုးသားများထက်နည်းသောရာခိုင်နှုန်းဖြင့်တည်ရှိနေပါသည်။ အမျိုးသမီးများသည်(၅၀)ရာခိုင်နှုန်းသာရှိရခြင်းမှာမိသားစုစားသောက်ရေးအတွက်အိမ်မှုကိစ္စများကိုလုပ်ဆောင်နေရ ခြင်းနှင့် မိမိကိုယ်တိုင် ဦးဆောင်နိုင်ရန်ယုံကြည်မှု အားနည်းနေခြင်းကြောင့် ဖြစ်ပါသည်။

## (၄) အလုပ်အကိုင်ရရှိမှု

ဆေးပုလဲကျေးရွာရှိ အမျိုးသားများသည် စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းတွင် (၈၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများသည် (၅၀)ရာခိုင်နှုန်းသာရှိပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် လက်လုပ်လက်စားနေ့ စားလုပ်ငန်းများတွင် အမျိုးသားများကသာ ဦးဆောင်လုပ်ကိုင်နေရခြင်းကြောင့် အလုပ်အကိုင်ရရှိမှုတွင် အမျိုးသမီးများထက် အမျိုးသားများက ရာခိုင်နှုန်းများနေခြင်းဖြစ်ပါသည်။အမျိုးသမီးများသည် ကောက်စိုက်ချိန်များတွင်သာ လယ်ယာစိုက်ပျိုးရေးကိုလုပ်ဆောင်ကြရသည်။

## (၅) အိမ်မှုကိစ္စ

ဆေးပုလဲကျေးရွာ၏ အိမ်မှုကိစ္စဂရုစိုက်နိုင်မှုတွင် အမျိုးသားများသည် (၃၀)ရာခိုင်နှုန်းရှိသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် (၁၀၀)ရာခိုင်နှုန်းပါဝင်ဆောင်ရွက်ကြရသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ရာခိုင်နှုန်းများနေရခြင်းမှာ ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ်၊ သား/သမီးများ၏ ဝေယျာဝစ္စများကို နေ့စဉ်လုပ်ဆောင်ပေးရခြင်းကြောင့်ဖြစ်ပါသည်။အမျိုးသားများ၏ အိမ်မှုကိစ္စတွင် ပါဝင်ကူညီမှု အလွန်အားနည်းနေသည်ကိုလဲ သိရှိရပါသည်။

## (၆) ဆုံးဖြတ်ချက်

ဆုံးဖြတ်ချက်ချမှုကဏ္ဍတွင် အမျိုးသားများသည်(၅၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများ၏ဆုံးဖြတ်ချက်နိုင်မှုမှာ (၅၀)ရာခိုင်နှုန်းရှိပါသည်။ ဆေးပုလဲကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသားများအား အကြံဉာဏ်ကောင်းများပေးနိုင်ပြီး အတူတကွပူးပေါင်းဆောင်ရွက်ပေးပါသည်။

## (၇) ဝင်ငွေရရှိမှု

ဆေးပုလဲကျေးရွာ၏ဝင်ငွေရရှိမှုအခြေအနေသုံးသပ်ချက်တွင်အမျိုးသားများသည်(၅၀)ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများသည်(၅၀)ရာခိုင်နှုန်းရှိပါသည်။အမျိုးသမီးများသည်အမျိုးသားများသည်ဝင်ငွေရရှိမှုနတူနေရခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းသော်လည်း ဝင်ငွေရရှိမှုတွင် အမျိုးသားနှင့်တန်းတူရရှိစေရန် ကောက်စိုက်၊ပဲနှုတ်၊အလုပ်များကို ရာသီချိန်တိုင်း ဝင်ရောက်လုပ်ကိုင်သဖြင့် ဝင်ငွေတန်းတူရရှပါသည်။


## (၈)လူမှုရေး။

ဆေးပုလဲကျေးရွာ၏လူမှုရေးလုပ်ငန်းတွင်အမျိုးသားများသည်(၅၀)ရာခိုင်နှုန်းရှိပြီးအမျိုးသမီး များသည် (၅၀) ရာခိုင်နှုန်းရှိပါသည်။မျိုးသားများသည်အဖွဲ့ အစည်းများတွင်ဝင်ရောက်၍ လုပ်ကိုင်ဆောင်ရွက်သလို အမျိုးသမီးများကလဲ ကျေးရွာတိုးတက်ရေးနှင့် သာရေးနာရေးများတွင် ကျရာလူမှုရေးတာဝန်များကို အမြဲလုပ်ဆောင်နေပါသည်။

ပါဝင်ဆွေးနွေးသူ(၅၂)ဦး။

# ပြဿနာသစ်ပင်

ကျေးရွာ -ဆေးပုလဲ    အုပ်စု - ငထွေစုတ်    နေ့စွဲ - ၂၀.၂.၂၀၁၇




ပံ့ပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ်    ပါဝင်သူ - ကျား ( ၂၅) ၊မ(၂၇)

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စု၊ ဆေးပုလဲကျေးရွာ၏ လမ်းဒုက္ခအခက်အခဲပြဿနာသစ်ပင် သုံးသပ်ချက်**

ရက်စွဲ၊ ၂၀-၂-၂၀၁၇။

ကျေးရွာ -ဆေးပုလဲ

နေရာ၊ ဘုန်းတော်ကြီးကျောင်း

ဆေးပုလဲကျေးရွာတွင်လမ်းအခက်အခဲပြဿနာကြောင်းရင်းမှာသံကွင်းစွပ်ကျွဲ၊နွား၊လှည်းများ မောင်း၍သော်လည်းကောင်း၊မိုးတွင်းအခါတွင်ထော်လာဂျီများမောင်း၍သော်လည်းကောင်း၊လမ်းသည်မြေသားလမ်းဖြစ်သောကြောင့်လည်းကောင်း၊မြစ်ရေကြီးခြင်းကြောင့်လည်းကောင်းလမ်းများသည်တာရှည်အသုံးမခံပဲပျက်စီးရပါသည်။လမ်းများပျက်စီးရခြင်းကြောင့်ညီညာမှုမရှိသောလမ်းပေါ်တွင် သွားလာရခြင်းနှင့် ကျန်းမာရေးနေက်နေးခြင်း၊စီးပွားရေးနေက်နေးခြင်း၊ကျောင်းသားကျောင်းသူများ ကျောင်းသွားရာတွင်အခက်အခဲများကြုံတွေ့ရသည်။ထို့အပြင်အရေးပေါ်ကျန်းမာရေး ပြဿနာများကိုလည်း အချိန်မှီကုသနိုင်ရန်အတွက် လွန်စွာ ခက်ခဲလှပါသည်။နှစ်စဉ် မိုးရာသီတွင် လမ်းများပေါ်ရေကျော်သည့်အကျိုးရလဒ်ကိုလည်း ကြုံတွေ့ခံစားရပါသည်။

ပါဝင်ဆွေးနွေးသူ(၅၂)ဦး။

# အမျိုးသားများ၏ကျေးရွာအခက်အခဲပြဿနာများ

ကျေးရွာ -ဆေးပုလဲ　　　အုပ်စု - ငထွေစုတ်　　　နေ့စွဲ - ၂၀ .၂ .၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ |
|---|---|---|
| ၁ | မြေသားလမ်းဖြစ်၍မိုးရာသီတွင် ဗွက်ထ၍သွားလာရေးခက်ခဲ | ကျား |
| ၂ | ပညာသင်ကြားရာတွင်ဆရာ/ဆရာမ မလုံလောက်သဖြင့် ကျောင်းသားများပညာရေးအခက်အခဲ | |
| ၃ | ကျန်းမာရေးအသက်အန္တရာယ်အရေးပေါ်အခြေအနေတွင် ဆေးကုသနိုင်ရန်နေရာခက်ခဲ | ကျား |
| ၄ | စာကြည့်တိုက်မရှိသဖြင့်ကျေးရွာသူ/သားများဗဟုသုတအသိ ဉာဏ်နည်းပါးသည်အခက်အခဲ | ကျား |
| ၅ | လျှပ်စစ်မီးမရှိသဖြင့်ညအချိန်တွင်ပိုးမွှားအန္တရာယ်ကြုံ၍ လူနေမှုနိမ့်ကျသည့်အခက်အခဲ | ကျား |
| ၆ | | |
| ၇ | | |
| ၈ | | |

ပွဲပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ်　　　ပါဝင်သူ - ကျား ( ၄၉)ဦး၊

# အမျိုးသမီးများ၏ကျေးရွာအခက်အခဲပြဿနာများ

ကျေးရွာ -ဆေးပုလဲ　　အုပ်စု - ငထွေစုတ်　　နေ့စွဲ - ၂၀.၂.၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ |
|---|---|---|
| ၁ | မြေသားလမ်းဖြစ်၍မိုးရာသီတွင် ဗွက်ထ၍သွားလာရေးခက်ခဲ | မ |
| ၂ | ပညာသင်ကြားရာတွင်ဆရာ/ဆရာမ မလုံလောက်သဖြင့် ကျောင်းသားများပညာရေးအခက်အခဲ | မ |
| ၃ | ကျန်းမာရေးဆရာ/ဆရာမမရှိ၍ကျန်းမာရေးအတွက်လွယ်ကူ စွာမကုသနိုင်သည့်အခက်အခဲ | မ |
| ၄ | ကျန်းမာရေးအသက်အန္တရာယ်အရေးပေါ်အခြေအနေတွင် ဆေးကုသနိုင်ရန်နေရာခက်ခဲ | မ |
| ၅ | အပ်ချုပ်စက်သင်တန်းများမရှိသဖြင့် စီးပွားရေး၊စားဝတ်နေရေးဆုံးရှုံးမှုများကြုံရသည်အခက်အခဲ | မ |
| ၆ | လျှပ်စစ်မီးမရှိသဖြင့်ညအချိန်တွင်ပိုးမွှားအန္တရာယ်ကြုံ၍ လူနေမှုနိမ့်ကျသည့်အခက်အခဲ | မ |
| ၇ | လမ်းအကျဉ်းမြောင်းသဖြင့်ကုန်စည်ပို့ဆောင်မှုခက်ခဲ | မ |

ပံ့ပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ်　　ပါဝင်သူ - မ(၅၂)ဦး

# ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်

ကျေးရွာ -ဆေးပုလဲ      အုပ်စု - ငထွေစုတ်      နေ့စွဲ - ၂၀.၂.၂၀၁၇

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်(ကျား) | ကျေးရွာဖွံ့ဖြိုးရေးမျှော်မှန်းချက်( မ ) |
|---|---|---|
| ၁ | ရွာတွင်းလမ်း၊တံတားကောင်း၍သွားလာရေးစီးပွားရေး၊ကျန်းမာရေးများတိုးတက်ကောင်းမွန်လာမည်။ | လျှပ်စစ်မီးရှိလျှင်ကျေးရွာဖွံ့ဖြိုးတိုးတက်လာပြီးည အခါ ပိုးမွှားအန္တရာယ်ကင်း၍ ကလေးများစာကျက်ချိန်ပိုလာမည်။ |
| ၂ | စာကြည့်တိုက်ရှိလာလျှင်အသိဉာဏ်ပညာဗဟုသုတတိုးပွားလာမည်။ | လမ်း၊တံတားကောင်းလျှင်သွားလာရလွယ်ကူပြီး ပညာရေး၊ကျန်းမာရေး၊ကုန်သွယ်မှုနှင့်စီးပွားရေးကောင်းမွန်လာမည်။ |
| ၃ | ဆေးပေးခန်းရှိလျှင်ကျန်းမာရေးကုသမှု အလွယ်တကူရယူသုံးစွဲနိုင်မည်။ | ဆေးပေးခန်းရှိလျှင်ကျန်းမာရေးကုသမှု အလွယ်တကူရယူသုံးစွဲနိုင်မည်။ |
| ၄ | လုံလောက်သောဆရာ/မရရှိလာလျှင်ကျောင်းသားကျောင်းသူများပညာသင်ကြားရာတွင် လွယ်ကူအစဉ်ပြေမည်။ | လုံလောက်သောဆရာ/မရရှိလာလျှင်ကျောင်းသားကျောင်းသူများပညာသင်ကြားရာတွင် လွယကူအစဉ်ပြေမည်။ |
| ၅ | စိုက်ပျိုးရေး၊မွေးမြူရေးသင်တန်းများရှိ၍ အသိပညာ ဗဟုသုတ တိုးပွားလာပြီး ၊စီးပွားရေး တိုးတက်လာမည် | ကျန်းမာရေးဆရာ/မများရှိလျှင်အချိန်မရွေးကုသနိုင်မည်။ |
| ၆ | လျှပ်စစ်မီးလင်း၍ပညာရေးတိုးတက်လာပြီး ကျေးရွာ လူထုများလူနေမှုမြင့်မားလာမည်။ | |
| ၇ | | |
| ၈ | | |

ကူညီပံ့ပိုးသူ -ဦးဖြိုးဆွေဦး၊စောကလယ်မှူး      ပါဝင်သူ - ကျား ( ၄၉) ၊မ(၂၅၂)

# ကျေးရွာဦးစားပေးဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ကျေးရွာ -ဆေးပုလဲ　　　အုပ်စု - ငထွေစုတ်　　　နေ့စွဲ - ၂၀.၂.၂၀၁၇

| စဉ် | အမျိုးသားဦးစားပေး | အမျိုးသမီးဦးစားပေး |
|---|---|---|
| ၁ | ရွာတွင်း၊ရွာချင်းဆက်၊လမ်းတိုးချဲ့ပြုပြင်ရန် | ရွာချင်းဆက်၊လမ်းတိုးချဲ့ပြုပြင်ရန် |
| ၂ | ကျောင်းဆရာ/မ(၃)ဦး | ရွာတွင်း၊လမ်းတိုးချဲ့ပြုပြင်ရန် |
| ၃ | ကျောင်းဆောင်တိုးချဲ့/ပြုပြင် | စာသင်ကျောင်းဆောင်တိုးချဲ့/ပြုပြင် (ဘုံဘိုင်) |
| ၄ | စာကြည့်တိုက် | ဆေးပေးခန်း |
| ၅ | ဆေးပေးခန်း | လျှပ်စစ်မီး |
| ၆ | ဆိုလာမီး | မူကြိုကျောင်းဆောက်ရန် |
| ၇ | စိုက်ပျိုး၊မွေးမြူရေးသင်တန်း | အပ်ချုပ်၊စိုက်ပျိုး၊မွေးမြူရေးသင်တန်း |
| ၈ | | ကျောင်းဆရာ/မ(၃)ဦး၊ကျန်းမာရေးဆရာ/မ |

ပံ့ပိုးကူညီသူ - ဦးဇာနည်အောင်၊နော်သန်းမေဖေါ်　　　ပါဝင်သူ - ကျား ( ၄၉) ၊မ(၅၂)

# ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ကျေးရွာ -ဆေးပုလဲ　　အုပ်စု - ငထွေစုတ်　　နေ့စွဲ - ၂၀.၂.၂၀၁၇

| စဉ် | ကျေးရွာအတွက်ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ | အဆိုပြုသူ (ကျား/မ) | ဦးစားပေး အဆင့် | ခန့်မှန်း ကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ အရေအတွက် |
|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ပြုပြင်(ကွန်ကရစ်လမ်း) | ကျား/မ | ၁ | ၁၆၂၀၀၀၀၀ | ၅၄၄ ဦး |
| ၄ | ဆေးပေးခန်း | ကျား | ၄ | | ၅၄၄ ဦး |
| ၅ | စာကြည့်တိုက် | ကျား/မ | ၅ | | ၅၄၄ ဦး |
| ၆ | လျှပ်စစ်မီးလင်းရေး | ကျား/မ | ၆ | | ၅၄၄ ဦး |
| ၇ | စိုက်ပျိုးရေး၊မွေးမြူရေးအပ်ချုပ် သင်တန်း | ကျား/မ | ၇ | | ၅၄၄ ဦး |
| ၈ | ဆရာ/မ(၃)ဦး | ကျား/မ | ၈ | | ၅၄၄ ဦး |
| | | | | | |
| | | | | | |

# ကော်မတီဝင်စာရင်းများ

ကျေးရွာ -ဆေးပုလဲ　　　　အုပ်စု - ငထွေစုတ်　　　　နေ့စွဲ - ၅.၅.၂၀၁၆

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးသိန်းနိုင်စိုး | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂။ | ဒေါ်ဌေးဌေးမိုး | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃။ | ဦးသန်းမြင့် | ဝယ်ယူရေးကော်မတီဥက္ကဌ |
| ၄။ | ဒေါ်လှဌေး | ဝယ်ယူရေးကော်မတီအဖွဲ့ဝင် |
| ၅။ | ဦးသန့်ဝေ | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ |
| ၆။ | ဒေါ်စန်းအေး | စောင့်ကြည့်ကြီးကြပ်ရေကော်မတီအဖွဲ့ဝင် |
| ၇။ | ဦးသန်းထိုက်စိုး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဌ |
| ၈။ | ဒေါ်ဝါဝါစိုး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၉။ | ဦးဇော်ဝမ်း | အကြံပြုကိုယ်စားလှယ် |
| ၁၀။ | ဒေါ်ပြုံးရီ | အကြံပြုကိုယ်စားလှယ် |
| ၁၁။ | ဦးကြည်ရွှေ | ငွေစာရင်းကိုင် |
| ၁၂။ | ဦးတင်လှိုင် | စေတနာ့ဝန်ထမ်း |
| ၁၃။ | ဒေါ်ရီနိုင် | စေတနာ့ဝန်ထမ်း |

အစည်းအဝေးမှတ်တမ်း(ဆေးပုလဲကျေးရွာ)

ကျေးရွာ - ဆေးပုလဲ

ကျေးရွာအုပ်စုတ် - ငထွေစုတ်

မြို့နယ် - ကျောက်ကြီး

အစည်းအဝေးရက်စွဲ- ၂၀.၂.၂၀၁၇ မှ

အစည်းအဝေးကျင်းပချိန် -နံနက် (၉)နာရီ မှ ညနေ (၅) နာရီထိ

အစည်းအဝေးအစီအစဉ် -(၁) သဘာပတိမှအစည်းအဝေးဖိတ်ကြားခြင်းနှင့် အစည်းအဝေးစတင်ကြောင်းကြေညာခြင်း

(၂)ကျေးရွာအုပ်ချုပ်ရေးမှူးမှအဖွင့်အမှာစကားပြောကြားခြင်း

(၃)မိတ်ဆက်ခြင်းအစည်းအဝေး

(၄)စီမံကိန်းမိတ်ဆက်(ရည်ရွယ်ချက်၊စီမံကိန်းမိတ်ဆက်၁၁ချက်)

(၅)စီမံကိန်းတွင်ပါဝင်သူများ၏ဆောင်ရန်၊ရှောင်ရန်များ

(၆)စီမံကိန်း၏အကျုံ့ဝင်/မဝင်များအကြောင်းရှင်းပြခြင်း

(၇)စီမံကိန်းတွင်အဓိကပါဝင်သူများ၏လုပ်ငန်းတာဝန်များ

(၈)အကာအကွယ်များ(သဘာဝအကာအကွယ်၊လူမှုအကာအကွယ်

(၉)ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်

(၁၀)စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း

အစီအစဉ်(၁)အရ အသဘာပတိမှအစည်းအဝေးဖတ်ကြားခြင်းနှင့် အစည်းအဝေးစတင် ြေ ကြောင်း ကြေညာပြီးနောက်အစည်းအဝေးကို ဖွင့်လှစ်ခဲ့ပါသည်။

အစီအစဉ် (၂)အရ ကျေးရွာအုပ်ချုပ်ရေးမှူး မှအဖွင့် အမှာ စကားပြောကြားသည်။
အစီအစဉ် (၃)အရ လူထုဗဟိုပြုဝန်ထမ်းများက ကျေးရွာလူထုနှင့်မိတ်ဆက်ခြင်းပြုလုပ်ပါသည်။
အစီစဉ် (၄)အရ လူထုစည်းရုံးရေးမှူးမှ စီမံကိန်းအကြောင်းမိတ်ဆက်ခြင်းနှင့်စီမံကိန်း၏ ရည်ရွယ်ချက်ကိုရှင်းပြပါသည်။

အစီအစဉ်(၅)အရစီမံကိန်းတွင်ပါဝင်သူများ၏ ဆောင်ရန်၊ရှောင်ရန်များကို ဆက်လက်၍ရှင်းပြပါသည်။
အစီအစဉ်(၆)အရ စီမံကိန်း၏အကျုံးဝင်/မဝင်လုပ်ငန်းများအကြောင်းကို လူထုစည်းရုံးရေးမှူး မှရှင်းပြဆွေးနွေးခဲ့ပါသည်။
အစီအစဉ်(၇)အရ စီမံကိန်းတွင်စီမံကိန်းတွင်အဓိကပါဝင်သူများ၏တာဝန်ဝတ္တရားများကို လူထုစည်းရုံးရေးမှူးမှ ဆွေးနွေးတင်ပြခဲ့သည်။
အစီအစဉ်(၈)အရ အကာအကွယ်များအကြောင်းကို စည်းရုံးရေးမှူးမှ အကျယ်တဝင့် ဆွေးနွေး တင်ပြခဲ့ပါသည်။
အစီအစဉ်(၉)အရ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းကို အကျယ်တဝင့်ရှင်းပြခဲ့ပါသည်။
အစီအစဉ်(၁၀)အရ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်းအား အဆိုပြုရွေးချယ်၍ မဲပေးရွေးချယ်ခဲ့ပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် အမျိုးသားစေတနာ့ဝန်ထမ်း (ဦးတင်လှိုင် )နှင့် အမျိုးသမီး စေတနာ့ ဝန်ထမ်း (နော်တာအယ်ဖော)ကို မဲအများဆုံးဖြစ်ရွေးချယ်ခဲ့ပါသည်။နေခင်းပိုင်း(၁၂)နာရီတွင် အစည်းအဝေးချိန်ကို သတ်မှတ်၍ ထမင်းစားနားကြပါသည်။ ညနေပိုင်းအစည်းအဝေးကို (၁:၃၀)နာရီတွင် ပြန်လည်ကျင်းပခဲ့ပါသည်။ တက်ရောက် လာသော ကျေးရွာသူ/သားများအား အဖွဲ့နှစ်ဖွဲ့ခွဲကာ လူထုစမ်းစစ်ခြင်း(PRA tool)များကို လူထုစည်းရုံးရေး မှူးအကူအညီဖြင့် ပြုလုပ်ခဲ့ပါသည်။အဖွဲ့(၁)မှ ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ချမ်းသာအဆင့်ခွဲခြင်းနှင့် ရာသီခွင်ပြပြက္ခဒိန်တို့ကို ဆွေးနွေးပြုလုပ်ခဲ့ကြပြီး အဖွဲ့(၂)မှ ပိုင်ဆိုင်ခြင်းပြပုံစံ၊ကျား/မ အခန်းကဏ္ဍပြ ပုံစံနှင့် အဖွဲ့အစည်းချိတ်ဆက်မှုဆိုင်ရာ ဆန်းစစ်ခြင်းတို့ကို ဆွေးနွေးပြုလုပ်ခဲ့ကြပါသည်။ထို့နောက် အဖွဲ့အချင်းချင်း ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးပြီးဆုံးခဲ့ပါသည်။ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးအတွက် အချိန်ကိုညှိနှိုင်းပြီး သဘောတူညီမှုရယူကာ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ(၅:၀၀) နာရီ တွင် ပြီးဆုံးခဲ့ပါသည်။

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို(၆.၅.၂၀၁၆)ရက်နေ့ နံနက်(၉:၃၀)နာရီတွင်ကျင်းပပြီး ပထမအကြိမ်ကျေးရွာအစည်းအဝေးအကြောင်းကိုပြန်လည် ဆွေးနွေးသုံးသပ်ပါသည်။ထို့နောက် တက်ရောက်လာသော ကျေးရွာလူထုအား အမျိုးသား/အမျိုးသမီးခွဲ၍ အခက်အခဲပြဿနာနှင့်နောင် (၅)နှစ် ရည်မှန်းချက်များအား ဆွေးနွေးပြီး ပြဿနာသစ်ပင်ကို ဥပမာထား၍ ၎င်းတို့၏ အခက်အခဲများ ကိုဆွေးနွေးဖြေရှင်းကြပါသည်။ထို့နောက်အမျိုးသမီး။အမျိုးသားတို့၏ဦးစားပေးလုပ်ငန်းများကို

အခက်အခဲများအပေါ် အခြေခံပြီး ဆွေးနွေးကြပါသည်။ပြီးနောက် အမျိုးသား၊အမျိုးသမီးပေါင်းကာ ၄င်းတို့၏ဦးစားပေးလုပ်များအကြောင်းဆွေးနွေးကြပါသည်။ ကျေးရွာ၏ဦး

ကျေးရွာ၏ဦးစားပေးလုပ်ငန်းများမှာ(၁)ရွာတွင်းလမ်းပြုပြင် (၂)စက်ရေတွင်း (၃)တံတားပြုပြင် (၄)လျှပ်စစ်မီး(ဒီဇယ်မီးစက်)၊(၅)ကျောင်းဆောင်တိုးချဲ့နှင့်ကျောင်းခြံစည်းရိုးပြုပြင်၊(၆)ဆေးပေးခန်း (၇)မူကြိုကစားကွင်းနှင့်

စိုက်ပျိုးမွေးမြူရေးသင်တန်းတို့ကိုရွာ၏အဓိကလိုအပ်ချက်များအဖြစ်တင်ပြခဲ့ကြပါသည်။ထို့နောက်ဆက်လက်၍ ကော်မတီဝင်များ၏တာဝန်ဝတ္တရားများအား လူထုစည်းရုံးရေးမှူးမှ ရှင်းပြပြီး ကျေးရွာစီ/ထောက်ကော်မတီအတွက် အဆိုပြုတင်သွင်းပြီး မဲခွဲဆုံးဖြတ်ခဲ့ကြသည်။ဆက်လက်၍ လူထုဗဟိုပြုစီမံကိန်း၏ ကော်မတီဖွဲ့စည်းပုံအတိုင်း အဆိုပြုမဲပေးရွေးချယ်ဆုံးဖြတ်ခဲ့ကြပါသည်။

ကျေးရွာစီ/ထောက် ကော်မတီဥက္ကဋ္ဌအဖြစ်(၁) ဦးသိန်းနိုင်စိုး (၂) ဒေါ်ဌေးဌေးမိုး
ဝယ်ယူရေးဆပ်ကော်မတီအဖြစ် (၁) ဦးသန်းမြင့် (၂) ဒေါ်လှဌေး
စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖြစ်(၁) ဦးသန့်ဝေ (၂) ဒေါ်စန်းအေး
လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖြစ် (၁) ဦးသန်းထိုက်စိုး ၊
(၂) ဒေဝါဝါစိုး ကျေးရွာငွေစာရင်းကိုင် အဖြစ် (၁) ဦးကြည်ရွှေ
ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကိုယ်စလှယ် အဖြစ် (၁) ဦးဇော်ဝမ်း (၂) ဒေါ်ပြုံးရီ
ကျေးရွာစေတနာ့ဝန်ထမ်း အဖြစ် ဦးတင်လှိုင် နှင့် ဒေါ်ရီရီနိုင် တို့ဖြစ်ပါသည်။ထိုသို့ ကျေးရွာကော်မတီများကို မဲပေးရွေးချယ်ခဲ့ပြီး ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ(၅:၀၀)နာရီတွင် ပြီးဆုံးခဲ့ပါသည်။

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင်အမည်<br>ဦး ဝင်း ဘောင် ဦး သန့်ဇော | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>၀၉ - ၄၄၂၃၅၃၅၅၁ | | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦး မြင့်ဆွေဦး |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ငတက္ကနတ် | ကျေးရွာ ဆေးပုလဲ |

ကျ။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ~~၅၁~~ ၈၉ | ဘာသာ (၁) ဗုဒ္ဓ | ၉၃ |
| လူမျိုးစု (၂) ကရင် | ၇ | ဘာသာ (၂) ခရစ်ယာန် | ၁ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | ဗုဒ္ဓ | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၇ | | |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)-ဗမာ-- | ၂၅၈ | ၂၇၂ |
| လူမျိုးစု (၂)-ကရင်- | ၈ | ၁၀ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၆၆ | ၂၆ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက်<br>မူလ၆၁ | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☑ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂---/မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-00:20:00 ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် 00:45:00----------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---နှစ်စဉ်ရေကြီး---------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------
(၂) ----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
□ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် ဦးသန်းဝ

လက်မှတ် [signature] နေ့စွဲ 17.2.2016.

လူထုစည်းရုံးရေးမှူး

အမည် - ဦးဖိုးခွေဦး

လက်မှတ် [signature] နေ့စွဲ - 17.2.2016.

# ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးပီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦး ဖြိုးမောင်ဦး | | | |
| နေ့စွဲ - ၂၀-၂-၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု - ငဆော့ရှက် | ကျေးရွာ - ဓနုသုံးမှုလဲ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၀.၂.၂၀၁၇ | ၂၀.၂.၂၀၁၇ | ၄၉ | ၅၄ | ၉၄ | ကရင် ၄ \| ဗမာ ၉၉ =၁၀၃ ဦး |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၀.၂.၁၇ | ၂၀.၂.၁၇ | ၄၉ | ၅၄ | ၉၄ | ကရင် ၄ \| ဗမာ ၉၉ - ၁၀၃ ဦး |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၂.၂.၁၇ | ၂၂.၂.၁၇ | ၁၅ | ၁၀ | ၂၅ | ဗမာ ၁၇ \| ကရင် ၇ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | 18.3.17 | 18.3.17 | ၃၁ | ၃၃ | ၆၄ | ဗမာ ၆၄ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 17.3.17 | 17.3.17 | ၃၁ | ၃၃ | ၆၄ | မမာ \| ၆၄ |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 17.3.17 | 17.3.17 | ၃၁ | ၃၃ | ၆၄ | မမာ \| ၆၄ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 17.3.17 | 17.3.17 | ၃၁ | ၃၃ | ၆၄ | မမာ \| ၆၄ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 17.3.17 | 17.3.17 | ၃၁ | ၃၃ | ၆၄ | မမာ \| ၆၄ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 5.5.17 | 5.5.17 | ၅ | ၄ | ၉ | မမာ \| ၉ |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 18.5.17 | 18.5.17 | ၅ | ၄ | ၉ | မမာ \| ၉ |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 2.6.17 | 2.6.17 | ၅ | ၄ | ၉ | မမာ \| ၉ |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 8.6.17 | 8.6.17 | ၇ | ၄ | ၁၁ | မမာ \| ၁၁ |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၁၄.၆.၁၇ | ၁၄.၆.၁၇ | ၂၆ | ၃၆ | ၆၂ | ကျား မမာ \| ၂ ၆၀ |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်။* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဂန်ကမ်း အမည် |

| နေ့စွဲ - ၂၀.၂.၂၀၁၉ | | စက်ဂန်းအား အမှတ်ခြစ်ပါ (√) □ စက်ဂန်း(၁) ☑ စက်ဂန်း(၂) □ စက်ဂန်း(၃) □ စက်ဂန်း(၄) | |
|---|---|---|---|
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ - ဆားပုလဲ |
| ပဲခူး | ကျောက်ကြီး | ငဒေ့ရှိ | |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသမီးအဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသားအဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မြေသားလမ်းဖြစ်၍ မိုးရာသီတွင် သွားလာရန် ခက်ခဲ/မှက်ထ၍ | ၁ | မြေသားလမ်းဖြစ်၍ မိုးရာသီတွင် မှက်ထ၍ သွားလာရခက်ခဲ၊ |
| ၂ | ပညာသင်ကြားရာတွင် ကျောင်းဆရာ/မ - မလုံလောက်၍ ကျောင်းသား/သူ စာသင်ရခက်ခဲ | ၂ | ပညာသင်ကြားရာတွင် ဆရာ/မ မလုံလောက်သဖြင့် ကျောင်းသား/သူများ စာသင်ရခက်ခဲ |
| ၃ | ကျန်းမာရေး ဆရာ/မများ မရှိ၍ ဆေးကုသရာတွင်ခက်ခဲ | ၃ | ဆေးပေးခန်း မရှိ၍ ကျန်းမာရေး အရေးပေါ် အခြေအနေတွင် ဆေးကုရန်ခက်ခဲ |
| ၄ | အပ်ချုပ်စက်သင်တန်း မရှိ၍ စီးပွားရေး အား ဝင်ငွေရေး မြှင့်တင်ရန်ခက်ခဲ | ၄ | စာကြည့်တိုက်မရှိ၍ ပညာဗဟုသုတပညာ နည်းပါးသည့်အခက်အခဲ |
| ၅ | လျှပ်စစ်မီး မရှိ၍ လူနေမှုနိမ့်ကျသည့် အခက်အခဲနှင့် ပိုးမွှားအန္တရာယ်ဆိုးရှိသည့်အခက်အခဲ | ၅ | လျှပ်စစ်မီး မရှိ၍ လူနေမှုနိမ့်ကျသည့် အခက်အခဲနှင့် သဘာဝလမ်းပေါ် ပိုးမွှားအန္တရာယ် ဖြစ်နိုင်သည့်အခက်အခဲ |

၆။ လမ်းကျဉ်းမြောင်း၍ ကူးသွယ်ရခက်ခဲ

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းတံတား ကောင်း၍ သွားလာရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ကောင်းမွန်လာပါမည်။ | ၁ | လျှပ်စစ်မီး လင်းလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်လာပြီး ညအခါ ပိုးမွှားအန္တရာယ် ရှောင်နိုင်၍ ကလေးများ စာကျက်နိုင်ပိုလာမည် |
| ၂ | စာကြည့်တိုက် ရှိလာလျှင် အသိဉာဏ် ပညာတိုးပွားလာပါမည် | ၂ | လမ်းတံတား ကောင်းလျှင် သွားလာရလွယ်ကူပြီး ပညာရေး၊ ကျန်းမာရေး၊ ကူးသွယ်မှုနှင့် စီးပွားရေးကောင်းမွန်မည်။ |

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၃ | ဆေးခန်း ရှိလျှင် ကျန်းမာရေး ကုသမှု အလွယ်ကူမည်။ | ၃ | ဆေးပေးခန်း ရှိလျှင် ဆေးဝါး အလွယ်တကူ ရယူနိုင်ပြီး ကျန်းမာရေး အတွက် အလွယ်တကူ ကုသနိုင်မည် |
| ၄ | လုံလောက်သော ဆရာ/မ ရှိလျှင် ကျောင်းသား/သူများ စာသင်ယူရာတွင် အဆင်ပြေမည်။ | ၄ | လုံလောက်သော ဆရာ/မ ရှိလျှင် ကျောင်းသား ကျောင်းသူများ စာသင်ရာတွင် လွယ်ကူ အဆင် အဆင်ပြေမည်။ |
| ၅ | စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်း ရှိလျှင် အသိပညာ ဗဟုသုတ တိုးပွားပြီး စီးပွားရေး တိုးတက်လာမည် | ၅ | ကျန်းမာရေး ဆရာ/မ ရှိလျှင် အလွယ်တကူ ဆေးကုသပြသနိုင်မည် |
| ၆ | လျှပ်စစ်မီး လင်း၍ ပညာရေး တိုးတက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည် | ၆ | |
| ၇ | | ၇ | |

၈။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဂင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအဟွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | [illegible] ကွန်ကရစ်လမ်း 3450'×4'×4"/ 3'×12' [illegible] 1½'×12' [illegible] | ကျား+မ | 16,200,000 | 544 |
| ၂ | ဆေးပေးခန်း < 34'× 22'×12' > | ကျား | | |
| ၃ | စာကြည့်တိုက် | ကျား+မ | | |
| ၄ | လျှပ်စစ်မီးလင်းရေး | ကျား+မ | | |
| ၅ | စိုက်ပျိုး/မွေးမြူ/အပ်ချုပ် သင်တန်း | ကျား+မ | | |
| ၆ | ဆရာ/ဆရာမ (၃) ဦး | ကျား+မ | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုး/မွေးမြူ/ကပ်ချေးသက်တမ်း | ကျား + မ | |
| ၂ | ဆရာ/မ (၃) ဦး | ကျား + မ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဒေါ်ရွှေရွှေမို--- လက်မှတ် ---[signature]--- နေ့စွဲ ၂၀.၂.၂၀၁၇